# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၄၀)

## အစိုးရရဲ့ မဟုတ်မတရား လုပ်ဆောင်မှုတွေကို ကြီးကြပ်ခွင့် ရစေမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ

နအဖ က စည်းကမ်းရှိတဲ့ ဒီမိုကရေစီကို တည်ဆောက်မယ်လို့ ကြွေးကြော်ပြီး သူ့ရဲ့ ၂၀၁၀ ရွေးကောက်ပွဲအတွက် အကြီးအကျယ်ပြင်ဆင်နေတဲ့အချိန်မှာ ထိုင်းနိုင်ငံရဲ့ အကျော်ကြားဆုံး လူမှုရေးပညာရှင် ဒေါက်တာ ပရာဝပ်ဆီက **လူထုဒီမိုကရေစီတော်လှန်ရေး** ဆိုတဲ့ အဆိုပြုချက်တရပ်ကို တင်သွင်းလိုက်ပါတယ်။ သူ့ရဲ့အဆိုပြုချက်က ထိုင်းနိုင်ငံရဲ့ နောက်ခံသမိုင်းကြောင်းနဲ့ လူ့အဖွဲ့အစည်းတည်ရှိမှု၊ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးနောက်ခံ၊ ဥပဒေရေးရာအခြေခံတွေကို ပေါင်းစပ်တင်ပြလိုက်တာဖြစ်ပါတယ်။

ဒေါက်တာ ပရာဝပ်ဆီရဲ့ **လူထုဒီမိုကရေစီတော်လှန်ရေး** အဆိုပြုချက်မှာ ဒီမိုကရေစီကို ဖေါ်ဆောင်ဘို့ အဓိကထားတဲ့ နယ်ပယ်သုံးရပ်ရှိပါတယ်။ ပထမ နယ်ပယ်ကတော့ ဒီမိုကရေစီရေး လှုပ်ရှားမှုတွေမှာ အခြေခံလူထုတွေအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ခွင့်ရဘို့ ဖြစ်တယ်။ ဒုတိယ နယ်ပယ်ကတော့ အားကောင်းပြီး လွတ်လပ်တဲ့ တရားစီရင်ရေးစနစ် ကျင့်သုံးဖေါ်ဆောင်ဘို့ ဖြစ်တယ်။ တတိယနယ်ပယ်ကတော့ လွတ်လပ်တဲ့ သတင်းဌာနတွေ ရပ်တည်လှုပ်ရှားခွင့်ရဘို့ ဖြစ်တယ်။

နောက်ထပ် လူမှုရေး ပညာရှင်တဦးဖြစ်တဲ့ သီရာယုဒ်ကတော့ အနောက်နိုင်ငံတွေမှာ စံအဖြစ်သတ်မှတ်ကျင့်သုံးတဲ့ အခြေခံလက္ခဏာတွေကိုသာ ထပ်မံထောက်ပြပါတယ်။ အဲဒါကတော့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးတွေ လွတ်လပ်စွာ သီးခြားစီထားရှိဘို့နဲ့ အပြန်အလှန်ကြပ်မတ်ဘို့ ဖြစ်တယ်။ ဒီမိုကရေစီကို ဖေါ်ဆောင်ရာမှာ တရားစီရင်ရေးရဲ့အခန်းကဏ္ဍကို သီရာယုဒ်အနေနဲ့ ဒေါက်တာပရာဝပ်ဆီလောက်တော့ အားကိုးမှုရှိပုံ မပေါ်ပါဘူး။ တရားစီရင်ရေးဟာ လိုအပ်သလောက် လျှင်လျှင်မြန်မြန် အလုပ်မလုပ်နိုင်ဘူးလို့ သူကသုံးသပ်တယ်။ ဒါပေမယ့် ထိုင်းနိုင်ငံရဲ့ နိုင်ငံရေးအကြပ်အတည်းတွေ ကူညီဖြေရှင်းရေးတာဝန်ကို တရားစီရင်ရေးက ထမ်းဆောင်နေရပြီလို့တော့ သူက အသိအမှတ်ပြုပါတယ်။

ယခု ၂၀၀၈ ခုနှစ် ဇူလိုင်လ သုံးဆယ့်တစ်ရက်နေ့မှာတင်ဘဲ နိုင်ငံရေးရာထူးယူထားသူများအပေါ် ကိုင်တွယ်စစ်ဆေးဘို့ တာဝန်ရှိတဲ့ ထိုင်းနိုင်ငံ တရားရုံးချုပ်ရဲ့ ရုံးခွဲတခုကနေ ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း တပ်ဆင်ရဲ့ ဇနီး ပိုဂျမ်ကို ထောင်ဒဏ်သုံးနှစ် ချမှတ်လိုက်ပါတယ်။ အဓိက စွဲချက်ကတော့ အစိုးရကို အခွန်ငွေ ဘတ် ၅၄၆ သန်း မပေးရအောင် လိမ်လည်ပြီး ရှောင်ခဲ့တယ်ဆိုတဲ့အချက်ပါ။ ထိုင်းနိုင်ငံတရားရုံးချုပ်ရဲ စီရင်ချက်ထဲမှာ ဝန်ကြီးချုပ်တယောက်ရဲ့ဇနီးအဖြစ်နဲ့ ကိုယ်ကျင့်တရားကို စံပြတည်ဆောက်ပြရမယ့်အစါး အခုလို ကျူးလွန်ချိုးဖေါက်မှုတွေပြုတာဟာ မသင့်တော်ဘူးလို့ ထောက်ပြခဲ့တယ်။ ဒီ အချက်ကို အလေးထားသင့် လှပါတယ်။

တရားရုံးကနေ ဝန်ကြီးချုပ်ဟောင်း ထပ်ကဆင်ရဲ့ဇနီးအပေါ် ပြစ်ဒဏ်စီရင်လိုက်တဲ့ သတင်းဟာ ထိုင်းနိုင်ငံပြည်တွင်းမှာသာမက ပြည်ပကိုပါ တမဟုတ်ခြင်း ပျံ့နှံ့သွားပါတယ်။ တပ်ဆင်နဲ့ ဆက်စပ်ပြီး တရားရုံးချုပ်ရဲ့ အရေးယူဆောင်ရွက်တာဟာ ဒါဒုတိယ အကြိမ်ပါ။ ပထမ အကြိမ်ကတော့ တပ်ကဆင်ရဲ့ ရှေ့နေတွေက လာဘ်ပေးဘို့ ကြိုးစါးတာကို တရားရုံးချုပ်ကဖေါ်ထုတ်ပြီး ထောင်ဒဏ်ခြောက်လစီ ပြစ်ဒဏ်ချလိုက်တဲ့ မှုခင်း ဖြစ်ပါတယ်။ ဒီမှုခင်း နှစ်ရပ်အပါအဝင် လက်ရှိထိုင်းအစိုးရအာဏာပိုင်တွေနဲ့ ပတ်သက်ပြီး တခုပြီးတခု စီရင်ဆုံးဖြတ်နေတဲ့ မှုခင်းတွေအရ နိုင်ငံရေးအာဏာနဲ့ ငွေကြေးရှိသူတွေ ဥပဒေရဲ့အထက်မှာနေခဲ့တာတွေကို စတင်စိမ်ခေါ်လိုက်ပြီ၊ လူတိုင်းဥပဒေရဲ့ လွှမ်းမိုးမှုအောက်မှာရှိတယ်ဆိုတဲ့ ဥပဒေစိုးမိုးရေးမူဟာ ထိုင်းနိုင်ငံမှာ တစတစအသက်ဝင်လာပြီလို့ နေးရှင်းသတင်းစါရဲ့ ခေါင်းကြီးပိုင်းမှာ သုံးသပ်ဖေါ်ပြပါတယ်။

ဒီလိုသုံးသပ်တဲ့အတွက် ထိုင်းနိုင်ငံဟာ တည်ငြိမ်တဲ့ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်နိုင်နေပြီရယ်လို့ဆိုလိုတာမဟုတ်ပါဘူး။ အခုအချိန်အထိ ကြီးမားတဲ့ နိုင်ငံရေးပြဿနာတွေကို ရင်ဆိုင်နေရဆဲပါ။ ရှေ့ကိုလည်း အလားတူနိုင်ငံရေးပြဿနာကြီးတွေကို ဆက်လက်ရင်ဆိုင်ရဘွယ် ရှိပါတယ်။ ဒါပေမယ့် လူထုတွေရဲ့ နိုင်ငံရေးအသိ နိုးကြားမှုနောက်ခံကနေ၊ အကောင်းဆုံးမဟုတ်ပေမယ့် သင့်တင့်လျှောက်ပတ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ကြောရိုးပြု၊ လွတ်လပ်အားကောင်းတဲ့တဲ့ တရားစီရင်ရေးစနစ်ကိုမဏ္ဍိုင်ထားပြီး ဒီမိုကရေစီ လူ့အဖွဲ့အစည်းတရပ်ကို တည်ဆောက်နိုင်ဘို့ လူးလွန့်ရုန်းကန်နေတဲ့ တိုင်းပြည်လို့ပြောနိုင်ပါတယ်။

ပြည်သူ အင်အားပါတီရဲ့ အရေးကြီးတဲ့ထိပ်ပိုင်းခေါင်းဆောင်တဦးလဲဖြစ်၊ ထိုင်းလွှတ်တော်ရဲ့ ဥက္ကဌလဲဖြစ်တဲ့၊ ယောင်ယုဒ် ထီရာပိုင်ရတ်ထ်ဟာ ရွေးကောက်ပွဲမသာမှုတွေ ကျူးလွန်ခဲ့တယ်လို့ ထိုင်းနိုင်ငံတရားရုံးချုပ်က ဆုံးဖြတ်ခဲ့တဲ့အတွက် သူဟာရာထူးတာဝန်ကနေ ထွက်သွားခဲ့ရပါပြီ။ အဲဒါတင်သာမက ယောင်ယုဒ်အမှုကို အကြောင်းပြုပြီးထိုင်းနိုင်ငံရဲ့ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၃၇) အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ကနေလက်ရှိ ဝန်ကြီးချုပ်ဆမတ်ရဲ့ ပြည်သူ့အင်အားပါတီကို ဖျက်သိမ်းဘို့တောင်မှ ဆုံးဖြတ်ကောင်းဆုံးဖြတ်နိုင် ပါတယ်။ ဘာကြောင့်လဲဆိုတော့ ထိုင်းနိုင်ငံရဲ့ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို အဲဒီလိုလုပ်ပိုင်ခွင့် အခွင့်အာဏာ အပ်နှင်းထားတာကြောင့် ဖြစ်ပါတယ်။

ထိုင်းနိုင်ငံမှာ အုပ်ချုပ်ရေးဆိုင်ရာ တရားရုံးကနေ ထိုင်းအစိုးရရဲ့လုပ်ဆောင်မှုအပေါ် ဘယ်လို ကြပ်မတ်တယ်ဆိုတာကို တင်ပြလိုပါတယ်။ ထိုင်းနဲ့ ကမ္ဘောဒီးယား နှစ်နိုင်ငံအကြားမှာတည်ရှိတဲ့ ခေါင်ဖတ်ဝိဟန် အမည်ရှိတဲ့ ဟိန္ဒူဘုရားကျောင်းကို ကမ္ဘာ့အမွေအနှစ်စာရင်းထဲ သွတ်သွင်းလိုက်တဲ့အပေါ် ထိုင်းအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက သဘောတူညီချက်ပေးခဲ့တယ်။ ဒီလိုပေးတာဟာ လုပ်ထုံးလုပ်နည်းနဲ့ မညီဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီလိုနိုင်ငံတကာ သဘောတူညီချက် မျိုးဆောင်တဲ့ကိစ္စကို အစိုးရအဖွဲ့တခုတည်းနဲ့ဆုံးဖြတ်လို့မရဘူး၊ လွှတ်တော်ကိုတင်ပြအတည်ပြုချက် ယူရမယ်၊ ဒါကြောင့် ဒီဘုရားကျောင်းကိစ္စနဲ့ ပတ်သက်လို့ အစိုးရရဲ့ ဆက်လက်ဆောင်ရွက်မှုတွေ အားလုံးကိုရပ်ဆိုင်းထားဘို့ ထိုင်းနိုင်ငံရဲ့ အုပ်ချုပ်ရေးဆိုင်ရာ တရားရုံးချုပ်ကနေ အမိန့်ထုတ်ခဲ့တယ်။ ဒီအမိန့်ထွက်လာတဲ့အခါမှာ ဆမတ်အစိုးရရဲ့ ကျမ္မာရေးဝန်ကြီးက တရားရုံးဟာ အစိုးရရဲ့ အုပ်ချုပ်ရေး လုပ်ငန်းတွေကိုဝင်ရောက်စွက်ဘက်တယ်လို့ ဝေဘန်ပါတော့တယ်။ ဝေဘန်ချက်ထွက်ပြီးလို့ ရက်ပိုင်းအတွင်းမှာတင်ဘဲ ဝေဘန်တဲ့အဲဒီကျမ္မာရေးဝန်ကြီးကို အုပ်ချုပ်ရေးဆိုင်ရာ တရားရုံးချုပ်ကနေ တရားရုံးအပေါ် မထေမဲ့မြင်ပြုမှုနဲ့ ပြစ်ဒဏ်စီရင်လိုက်တယ်။ ပြစ်ဒဏ်စီရင်ခံရပြီးတဲ့ အခါကျတော့မှ အဲဒီကျမ္မာရေးဝန်ကြီးက နောင်ကိုသူဘယ်တော့မှ တရားရုံးရဲ့လုပ်ငန်းတွေကို မဝေဘန်တော့ပါဘူးလို့ အတိအလင်းဝန်ခံခဲ့တယ်။

နောက်ပိုင်းမှာ ထိုင်းနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကနေ ဘုရားကျောင်းကိစ္စနဲ့ ပတ်သက်လို့ ထိုင်းအစိုးရရဲ့ ဆောင်ရွက်မှုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီဘူး။ ပါလီမန်ရဲ့ သဘောတူခွင့်ပြုချက်ကို မယူခဲ့တာကြောင့်ဖြစ်တယ်လို့ စီရင်ချက်ချခဲ့တယ်။ ဒီ စီရင်ချက်ကို အကြောင်းပြုပြီး ယခုအချိန်မှာ ထိုင်းအစိုးရတဖွဲ့လုံးနုတ်ထွက်ပေးဘို့ တောင်းဆိုလှုပ်ရှားမှုတွေ ရှိလာနေပြီ။

ထပ်ကဆင် ဝန်ကြီးချုပ်ဖြစ်ခဲ့စဉ်တုံးက နအဖ စစ်ခေါင်းဆောင်တွေကို ထိုင်းဘတ်ငွေ သန်းပေါင်းလေးထောင်ချေးငှားပေးခဲ့တယ်။ တကယ်တော့ နအဖ ထိပ်သီးတွေရဲ့ သားသမီးတွေတည်ထောင်ထားတဲ့ ကုမ္ပဏီကနေ တပ်ဆင် တည်ထောင်ထားတဲ့ ရှင်ဂြိုဟ်တု ကုမ္ပဏီဆီက ငွေချေးခဲ့ရာကစခဲ့တယ်လို့ သိရတယ်။ ချေးငွေတွေ ပြန်မဆပ်နိုင်တဲ့အခါကျတော့ တပ်ဆင်ရဲ့ ပုဂ္ဂလိကအကျိုးစီးပွားထိခိုက်တော့မယ့် သဘောဖြစ်လာတယ်။ ဒီ အခါမှာ တပ်ဆင်ဟာ မိမိရဲ့ဝန်ကြီးချုပ်အခွင့်အာဏာကိုသုံးစွဲပြီး ဘတ်ငွေသန်းလေးထောင် ထုတ်ချေးဘို့ဘဏ်ကိုညွှန်ကြားခဲ့တယ်။ နအဖကလဲ အဲဒီငွေ ဘတ်သန်းလေးထောင်ထဲကအများစုကို ထပ်ကဆင်ရဲ့ ရှင်ဂြိုဟ်တု ကုမ္ပဏီချေးထားတဲ့ ငွေတွေပြန်ဆပ်တဲ့နေရာမှာ သုံးခဲ့တယ်လို့သိရတယ်။

ဒီကိစ္စဟာ နိုင်ငံ တနိုင်ငံနဲ့ အခြားတနိုင်ငံ ဆက်ဆန်ရေးအရ ကြီးမားတဲ့၊ အရေးကြီးတဲ့ အလုပ်ဖြစ်ပေမယ့် ဝန်ကြီးအဖွဲ့ရဲ့ သဘောတူညီချက်ကိုတောင်မှယူပြီး လုပ်ခဲ့တာမဟုတ်ဘူးဆိုတာကို ထောက်ပြပြီး ထပ်ကဆင်အပေါ် အဲဒီမှုခင်းနဲ့ ပတ်သက်လို့စစ်ဆေးဘို့ထိုင်းနိုင်ငံတရားရုံးချုပ်ကနေ လက်ခံခွင့်ပြုလိုက်ပါပြီ။

ထိုင်းနိုင်ငံရဲ့ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ၊ လွတ်လပ်စွာ ဖွဲ့စည်းရပ်တည်ခွင့်ရရှိနေတဲ့၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ တရားရုံးချုပ်နဲ့ အုပ်ချုပ်ရေးတရားရုံးတွေဟာ၊ အစိုးရနဲ့ အုပ်ချုပ်ရေးအာဏာပိုင်တွေရဲ့၊ မဟုတ် မတရား လုပ်ဆောင်မှုတွေအပေါ် ကြီးကြပ်ဘို့၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ သူတို့ကိုအပ်နှင်းထားတဲ့ အခွင့်အာဏာတွေကို အသုံးချပြီး၊ ထိရောက်ထက်မြက်စွာ အလုပ်လုပ်နေကြပါပြီ။ ဒါကို ထိုင်းနိုင်ငံ လူထုအများစုကြီးက လက်ခံလာကြရုံမက နိုင်ငံတကာကပါ လေ့လာစောင့်ကြည့်ရတဲ့ အဆင့်ကို ရောက်လာပါတယ်။

ထိုင်း နိုင်ငံရဲ့ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရာနန်းပြည့်ကောင်းမွန်နေပြီရယ်လို့ အမွှမ်းတင်ပြောဆိုနေတာမဟုတ်ပါ။ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အားနည်းချက်တွေ အမြောက်အများပါရှိမှာ အသေအချာဖြစ်ပါတယ်။ အဲဒီ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၆ ခုနှစ် အာဏာသိမ်းစစ်အစိုးရက အတည်ပြုခဲ့တာကြောင့်

တရားမဝင်ဘူးရယ်လို့ လက်ရှိ ဆမတ်အစိုးရက  ပြန်လည်ထောက်ပြ နေပြန်ပါပြီ။ ထိုင်းနိုင်ငံမှာ ဒီ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်ပင်လျှင် ရေရှည်တည်မြဲခြင်မှတည်မြဲမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ထိုင်းနိုင်ငံရဲ့ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်ထဲကနေ ဝင်ရောက်လှုပ်ရှားတာ၊ အဲဒီ ဥပဒေနဲ့ အညီ ရွေးကောက်ပွဲဝင်တာစတဲ့ နိုင်ငံရေးလုပ်ဆောင်ချက်တွေဟာ အဓိပ္ပါယ်ရှိပြီး တိုင်းပြည်နဲ့လူထုအတွက် အကျိုးရှိတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထိုင်းနိုင်ငံသားတွေရဲ့ အခြေခံလွတ်လပ်ခွင့်တွေကို အာမခံချက်ပေးထားတယ်။ အစိုးရရဲ့ လုပ်ပိုင်ခွင့်တွေကို ထိမ်းချုပ်ထားတယ်။ နိုင်ငံသားတွေရဲ့ အခွင့်အရေးနဲ့ တိုင်းပြည်ရဲ့အကျိုးစီးပွားအပေါ် ထိပါးစေတာတွေကို အစိုးရကလုပ်ဆောင်လာလျှင် တိုင်တန်းအရေးယူနိုင်စေဘို့ တရားရုံးချုပ်သုံးရုံးအပါအဝင် အခြားတိုင်းပြည်အဆောက်အအုံတွေ အမြောက်အများ လွတ်လပ်စွာ ဖွဲ့စည်းလည်ပတ်ခွင့်ပြုထားတယ်။ သူတို့ကို လိုအပ်တဲ့အခွင့်အာဏာတွေ အပ်နှင်းထားတယ်။

ဒါပေမယ့် နအဖရဲ့ ၂၀၀၈ ခုနှစ်နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ စပ်လျှဉ်းလို့ကတော့ သည်လိုစဉ်းစားလို့ရနိုင်မှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ထိုင်းနိုင်ငံရဲ့ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံမှာပါရှိတဲ့ အခြေခံတွေအားလုံး လုံးဝကင်းမဲ့နေလို့ ဖြစ်ပါတယ်။

နအဖရဲ့ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလက်ခံပြီး ၂၀၁၀ ရွေးကောက်ပွဲမှာဝင် အရွေးချယ်ခံရလို့ လွှတ်တော်အမတ်တွေ ဖြစ်ပြီးရင် ပုဂ္ဂိုလ်ရေးအကျိုးစီးပွားနဲ့ ခံစားခွင့်တွေ အမြောက်အများရလိမ့်မယ်ဆိုတာကတော့ ဗေဒင်မေးစရာလိုမယ် မထင်ပါဘူး။ ဒါပေမယ့် စစ်ခေါင်းဆောင်တွေလုပ်ခြင်ရာလုပ်ဘို့ ဖွဲ့စည်းပေါ်ပေါက်လာမယ့် လွှတ်တော်အတုကြီးထဲမှာ ပုတ်သင်ညိုအမတ်တွေ အဖြစ်နဲ့ လက်ညှိုးထောင် ခေါင်းညိမ့် အတည်ပြုပေးတဲ့ အလုပ်ကလွဲလို့ ဘာမှ လုပ်နိုင်ဘို့ မရှိဘူး။ အဆုံးစွန်အားဖြင့် နိုင်ငံရေးအတိုက်အခံတွေရှိတယ်ဆိုတာကို ရုပ်ပြထားရှိအသုံးချခံရတဲ့ အနေအထားကလွဲလို့ တိုင်းပြည်နဲ့ လူထုအတွက်ဘာတခုမှ အကျိုးရှိအောင်လုပ်နိုင်မှာ မဟုတ်ဘူးဆိုတာကိုသာ သုံးသပ်တင်ပြရင်း ယခုအပတ် နိဂုံးချုပ်ပါရစေ။